အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး
စာအမှတ် ..............
ရက်စွဲ ..............



# ခုံသမာဓိအဖွဲ့

## ခုံသမာဓိအဖွဲ့၏ ရှင်းလင်းချက်

## { နည်းဥပဒေ - ၂၇ }

## ခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ်(၉၆/၂၀၁၆)၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ရှင်းလင်းချက်

ရက်စွဲ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

ရည်ညွှန်းချက်။ ၉-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ဂုန်နီ/၂၀၁၆-၂၀၁၇/စီမံခန့်ခွဲရေး(၁၃၇၃) ဖြင့် ကျော်ထက်ကျော်ကုမ္ပဏီလီမိတက်၏ စက်ရုံမှူးဦးမျိုးတင့်မှ လက်မှတ်ရေးထိုးပြီး ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့လိပ်မူစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၄ ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ ကျော်ထက်ကျော်ကုမ္ပဏီ၊ အုတ်ကျင်းဂုန်နီစက်ရုံ၏ စက်ရုံမှူး ဦးမျိုးတင့်မှ ၉-၉-၂၀၁၆ ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့အငြင်းပွားမှုအမှတ်(၉၆/၂၀၁၆)တွင် ဆုံးဖြတ်ချက်ပါ မရှင်းလင်းသည့်အချက်များအား ပြန်လည်ရှင်းလင်းပေးပါရန်လျှောက်ထားတောင်းခံခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်-

ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုအမှတ်(၉၆/၂၀၁၆)အပေါ် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ၊ အပိုဒ်-၁၇ နှင့် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့လုပ်ငန်းအစီအစဉ်များ၊ အပိုဒ်-၅ တို့နှင့်အညီ အငြင်းပွားမှုနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာများအပေါ်တွင် လေ့လာသုံးသပ်ပြီး ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အလုပ်ရှင်၏ လျှောက်ထားတောင်းခံသည့်စာတွင် "အစည်းအဝေးတွင် ဦးကျော်သန်းကြောင့် ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ရပါသည်ဟု ချေပလွှာတွင်ဖော်ပြထားသော်လည်း ယင်းသို့ဖြစ်ပေါ်ခဲ့ကြောင်း ပေါ်လွင်မှုမရှိပေ" ဟု သုံးသပ်ဖော်ပြချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းရပါက အစည်းအဝေးတွင် ဦးကျော်သန်းကြောင့် ရန်းရင်းဆန်ခတ်ဖြစ်ရပါသည်ဟု ချေပလွှာတွင်ဖော်ပြထားသဖြင့် ယင်းအချက်ကိုပေါ်လွင်စေရန်စစ်ဆေးခဲ့ပါသည်။ စစ်ဆေးရာတွင် ယင်းအချက်နှင့်ပတ်သက်၍

(က) ထိုသို့ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ရပါသည်။ ထိုသို့ရုန်းရင်းဆန်ခတ်ဖြစ်အောင် ဦးကျော်သန်းက မည်သို့ဖန်တီးပါသလဲ၊ မည်သို့သော ရုန်းရင်းဆန်ခတ်ဖြစ်ပွားပါသလဲဟု မေးခွန်းမေးခဲ့ရာတွင် ထိုးကြိတ်သည့်အဆင့်ထိမရောက်ပါ။ ပြင်းထန်စွာအချေအတင်ဖြစ်ပွားခဲ့ပါသည်ဟုဖြေကြားချက်ရှိပါသည်။

(ခ) ရုန်းရင်းဆန်ခတ်ဖြစ်အောင်ပြုလုပ်ခဲ့သည့် ဦးကျော်သန်းအနေဖြင့် မိမိသဘောဖြင့် အစည်းအဝေးခန်းသို့လာရောက်၍ ထိုသို့ပြုမူခဲ့ခြင်းဟုတ်ပါသလားဟု မေးခွန်းမေးရာတွင် မဟုတ်ပါ။ ဖိတ်ကြား၍ လာရခြင်းဖြစ်ပါသည်ဟု ဖြေကြားချက်ရှိပါသည်။

(ဂ) သဘောတူစာချုပ်အပိုဒ်-၁၄(ခ)၊ အပိုဒ်ခွဲ(က)ပါ အလုပ်ခွင်တွင် တစ်စုံတစ်ဦးအား အပြင်းအထန်နာကျင်စေခြင်းကို လက်ထိလက်ရောက်ကျူးလွန်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အလုပ်ခွင်အတွင်း ရုန်းရင်းဆန်ခတ်ဖြစ်စေခြင်းစသော ခေါင်းစဉ်တွင် မည်သည့်ခေါင်းစဉ်ကို ဦးကျော်သန်းကျူးလွန်ပါသလဲဟုမေးခွန်းမေးမြန်းရာတွင် ယင်းအပိုဒ်ထဲတွင်သူခိုးဟုပြောသည်မှာ ဆဲရေးတိုင်းထွာသည်ဟု ဆိုပါသည်။ ဦးလင်းအောင်ကအလျှော့မပေးလျှင် ရုန်းရင်းဆန်ခတ်ဖြစ်သွားနိုင်ပါသည်ဟု ထွက်ဆိုထားပါသည်။

သို့ဖြစ်၍ ရုန်းရင်းဆန်ခတ်အဆင့်သို့မရောက်ခဲ့ဟု ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ သုံးသပ်ခြင်းဖြစ်ပါသည်။

အပိုဒ်-၂ပါမေးခွန်းမှာ စက်ရုံတွင်းပုံမှန်မဟုတ်သောကိစ္စရပ်များညှိနှိုင်းဖြေရှင်းရန် အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီကို အလုပ်ရှင်ကိုယ်စားလှယ်နှစ်ဦး၊ အလုပ်သမားကိုယ်စားလှယ်နှစ်ဦးတို့ဖြင့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားခဲ့သည်။ ယင်းကော်မတီမှ မူလနေရာ၊ မူလရာထူးမှ ပြောင်းရွှေ့ခန့်ထားလိုပါက အလုပ်သမားများ၏ဆန္ဒရယူရန် လိုအပ်သောပံ့ပိုးမှုပေးရန် ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ပါသည်။ လုံခြုံရေးတာဝန်ပြောင်းရွှေ့ခန့်ထားရာတွင် ယင်း ၄ ဦးပါကော်မတီမှ သဘောတူထားသည့်အတိုင်း အကောင်အထည်ဖော်ခြင်းပြုရန် အလုပ်ရှင်တွင် တာဝန်ရှိပါသည်။ ယင်းကိစ္စရပ်ကိုပင် ဝန်ထမ်း၊ အလုပ်သမားများအား ခေါ်ယူပြီးထပ်မံညှိနှိုင်းရန်မလိုအပ်ပါ။ ညှိနှိုင်းရာ၌လည်း အလုပ်ရုံစိတ်မှူး၊ အလုပ်ရုံစုမှူး၊ စာရေးဝန်ထမ်းတို့အား လုံခြုံရေးတာဝန်ယူရမည်ဟု အတင်းအဓမ္မထပ်မံပြောဆိုသူမှာ အလုပ်ရှင်ဖြစ်ပါသည်။

သို့ဖြစ်၍ အခြေအတင်ဖြစ်ပွားအောင် စတင်ဆောင်ရွက်သူမှာ အလုပ်ရှင်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ သုံးသပ်ခဲ့ခြင်းဖြစ်သည်။

ကျော်ထက်ကျော်ကုမ္ပဏီ၊ အုတ်ကျင်းဂုန်နီစက်ရုံ၏ စက်ရုံမှူးအနေဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ-၂၈(က)အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ၇ ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားနိုင်ပါကြောင်း မှတ်ချက်ပြု၍ ကျော်ထက်ကျော်ကုမ္ပဏီ၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ စက်ရုံမှူး၏ အငြင်းပွားမှုအမှတ်(၉၆/၂၀၁၆)ဆုံးဖြတ်ချက်ပါ မရှင်းလင်းသည့်အချက်များအား ပြန်လည်ရှင်းလင်းပေးပါရန် လျှောက်ထားတောင်းခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းချက်ထုတ်ပြန်အပ်ပါသည်။

(signature)

အတွင်းရေးမှူး
အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး